# Reviews & Rankings




## ဓာတ်ပုံများ Edit ၊ Organize နဲ့ Share လုပ်ဖို့ ထိရောက်မှုအရှိဆုံး နည်းလမ်း ၃ မျိုး

**Adobe Lightroom, Corel After Shot Pro နဲ့ Cyberlink PhotoDirector တို့က မိမိရဲ့ များပြားလှတဲ့ ဓာတ်ပုံတွေကို ကိုင်တွယ်စီမံရာမှာ ကူညီနိုင်ဖို့အတွက် ယှဉ်ပြိုင်နေကြပါတယ်။**

၂၀၀၇ ခုနှစ်ကစလို့ Adobe က ကိုယ့်ရဲ့ camera ၊ ဒါမှမဟုတ် Memory Card ထဲက ဓာတ်ပုံတွေကို ကူးယူပြီး စီမံတာ၊ စုစည်းတာ၊ စီစဉ်တာ၊ တည်းဖြတ်တာ၊ နောက်ဆုံးပုံနှိပ်တာ ၊ ဒါမှမဟုတ် Share လုပ်တာစတဲ့ digital workflow တွေကို ကူညီပေးနိုင်ဖို့ Lightroom ကို စတင် မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ Lightroom က အမျိုးအစားတူ software တွေထဲမှာ ရှေ့အဆင့်အဖြစ် အလျှင်အမြန်ပဲ ရောက်ရှိလာခဲ့ပါတယ်။ အခု Lightroom 4.1 version အသစ်က Corel AfterShot Pro နဲ့ Cyberlink Photo Director 3 တို့လို ပြိုင်ဘက်ကောင်းတွေနဲ့ တွေ့လာရပါပြီ။

ဒီ program ၃ ခုစလုံးက Lossless editing အရေးပါတဲ့ ဓာတ်ပုံတည်းဖြတ် tool တွေ၊ ပြည့်စုံတဲ့ organizer နဲ့ ပုံနှိပ်ဖို့၊ share လုပ်ဖို့ အဆင်ပြေတဲ့နည်းလမ်းလေးတွေကို ပေးအပ်ထားပါတယ်။ Program တစ်မျိုးစီမှာတော့ အားသာချက်ကိုယ်စီနဲ့ ပစ်မှတ်ထားတဲ့ပရိတ်သတ်ကိုယ်စီရှိကြပါတယ်။

Corel က သူ့ရဲ့ရိုးရှင်းတဲ့ interface ကို အထူးပင် အလေးပေးထားပါတယ်။ ဒီ interface က click တစ်ချက်၊ နှစ်ချက်နဲ့ အရာရာနီးပါးကို လုပ်ဆောင်နိုင်စေသလို ထိပ်တန်း ဓာတ်ပုံတည်းဖြတ်ရွေးချယ်စရာ option အသစ်အချို့ ထည့်သွင်းပေးထားပါတယ်။ Photo Director ကတော့ Lightroom မှာ မရနိုင်တဲ့အချက်ဖြစ်တဲ့ အတွေ့အကြုံနည်းပါးတဲ့ သုံးစွဲသူတွေကိုလမ်းညွှန်ပေးနိုင်တဲ့ preset တွေအများကြီးကို download လုပ်ခွင့် ပေးထားပါတယ်။

Lightroom ကတော့ ပြိုင်ဘက် program တွေလက်လှမ်းမမီတဲ့ feature တွေကို ပေးအပ်ထားတာကို တွေ့ရပါတယ်။

Digital workflow Software တွေက ခေတ်သစ် digital ဓာတ်ပုံပညာရှင်တွေရဲ့ လိုအပ်ချက်တွေကို exposure ၊ color နဲ့ အခြား image parameter တွေကို လျင်မြန်စွာချိန်ညှိပေးနိုင်တဲ့ tool တွေသုံးပြီး ဖြည့်ဆည်း ပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

Workflow program တွေက တကယ်တော့ database အကြီးစားတွေပါပဲ။ ဒါက ကိုယ့်ကို file နဲ့ folder တွေရဲ့ နာမည်တွေနဲ့ပတ်သက်ပြီး စိုးရိမ်နေဖို့မလိုဘဲ ဓာတ်ပုံကို keyboard တွေသုံးပြီး tag လုပ်တာ၊ exposure setting တွေအရရှာဖွေမှုတွေလုပ်တာတွေကို လုပ်နိုင်စေပါတယ်။ ပြီးတော့ ကိုယ်က ဓာတ်ပုံတစ်ပုံကို virtual copy တွေ လိုအပ်သလောက်ပွားပြီး စိတ်ကြိုက်တည်းဖြတ်မှုတွေလုပ်နိုင်တယ် ဆိုပေမယ့် ဒါက မူရင်းဓာတ်ပုံတစ်ပုံပဲ ကိုယ့်ရဲ့ hard drive မှာ နေရာယူပါလိမ့်မယ်။

## Corel AfterShot Pro

Lightroom လိုပါပဲ Corel ရဲ့ AfterShot Pro ($100) ကလည်း Lossess editing ကို အထူးအလေးပေးထားပါတယ်။ Lossess editing ဆိုတာက AfterShot Pro မှာ ကိုယ် ဘာတွေပဲလုပ်လုပ်မူရင်းဓာတ်ပုံ file တွေကို မထိခိုက်ပါဘူး။ အဲဒီအစား အရာရာတိုင်းကို meta data အနေနဲ့ သိမ်းထားပါတယ်။ ဆိုလိုတာက ကိုယ်ကဓာတ်ပုံတစ်ပုံကို မူရင်း file ရဲ့ pixel တစ်ခုတောင် အပြောင်းအလဲမဖြစ်စေဘဲ recompose လုပ်တာ၊ crop လုပ်တာ၊ exposure ချိန်တာနဲ့ ဓာတ်ပုံတွေရဲ့ တစ်စိတ်တစ်ပိုင်းကို mask အုပ်တာစတာတွေကို လုပ်ဆောင်နိုင်ပါတယ်။

AfterShot ရဲ့ နှစ်သက်စရာအကောင်းဆုံး feature ကတော့ ဓာတ်ပုံတွေကို စီစဉ်စာရင်းပြုပေးတဲ့နည်းလမ်းပဲဖြစ်နိုင်ပါတယ်။ Lightroom က ဓာတ်ပုံတစ်ပုံကို preview မကြည့်ခင်မှာ ကိုယ့်ရဲ့ catalog ထဲကို import လုပ်စေပါတယ်။ ဒါပေမဲ့ Aftershot ကတော့ ဓာတ်ပုံအသစ်တွေကို လျင်မြန်လွယ်ကူစွာနဲ့ browse လုပ်နိုင်ပြီး နောက်ပိုင်းမှ import လုပ်နိုင်တဲ့ ရွေးချယ်စရာတွေပေးအပ်ထားပါတယ်။

Lightroom က Library ရဲ့ sik management နဲ့ Light weight editing tools တွေရယ်၊ full Powered Develop View ရယ်ကြား အကူးအပြောင်းကနေးကွေးထစ်ငေါ့နေတဲ့အချိန်မှာ AfterShot က Single Mode တစ်ခုတည်းမှာပဲ အားလုံးကို ဆွဲထုတ်ပြသသွားနိုင်ပါတယ်။ Tab ခြောက်ခုက editing pane ကို ပုံမှန်တည်းဖြတ် tool တွေ၊ adjustment ၊ tone ၊ details (Sharpening ၊ noise နဲ့ Lens correchons နဲ့ metadata တွေအဖြစ် ခွဲခြားပေးထားပါတယ်။ Tool အများစုက ဓာတ်ပုံဆရာတွေ ဘာတွေလုပ်ချင်တယ်ဆိုတာနဲ့ပတ်သက်ပြီး ဘယ်လောက်နက်နက်နဲနဲ နားလည်မှုရှိတယ်ဆိုတာ ဖော်ပြနေသလိုပါပဲ။ ဥပမာ– Straighten tool က ကိုယ့်ကို ကြီးမားတဲ့ grid တွေနဲ့ တိကျတဲ့ rotation ကို လုပ်နိုင်စေလို့ ညင်သာတဲ့ပြင်ဆင်မှုမျိုးကိုတောင် ရိုးရိုးရှင်းရှင်းပဲလုပ်ဆောင်သွားနိုင်စေပါတယ်။ Lightroom ရဲ့ cropping tool က crop box ဆိုတာထက် mouse က ဓာတ်ပုံကို ရွှေ့စေနိုင်ပါတယ်။ ဒါပေမဲ့ AfterShot ရဲ့ cropping tool ကတော့ သဘာဝကျကျပါးပါးနပ်နပ်နဲ့ လုပ်ပေးနိုင်ပါတယ်။

AfterShot ကကောင်းမွန်တဲ့ Layer control ကိုလည်း ပေးအပ်ထားပါသေးတယ်။ ကိုယ်က ဓာတ်ပုံတစ်ပုံလုံးကို ပြောင်းလဲမှုတွေအများကြီး သက်ရောက်စေနိုင်သလို selection tool များစွာကိုသုံးပြီး adjustment layer တစ်ခုတည်းကိုပဲ ပြောင်းလဲမှုတွေကို သက်ရောက်နိုင်စေပါတယ်။

Layer တွေ အများကြီးထည့်တာနဲ့ layer တစ်ခုနဲ့ တစ်ခုကြားကူးပြောင်းတာတွေကို လျက်တစ်ပြက်အတွင်းမှာ လုပ်ဆောင်နိုင်ပါတယ်။ ဒီ program က layer တစ်ခုကိုတောင် invert လုပ်နိုင်စေပါတယ်။ ဒါက feature အပြည့်ပါတဲ့ ဓာတ်ပုံတည်းဖြတ် program တွေမှာပါနေကျ ဆိုပေမယ့် ဒီ AfterShot လို program မျိုးမှာတော့ မျှော်လင့်မထားတဲ့ feature တစ်ခုပါပဲ။ တကယ်တော့ ကိုယ်က brush size ၊ intensity နဲ့ add/subtract blending mode တွေ အပါအဝင် ပုံမှန် selection tool တွေအားလုံးကို ထိတွေ့ အသုံးပြုနိုင်ပါတယ်။ ဒီ tool တွေ ကောင်းသလိုပဲ CyberLink ရဲ့ Photo Director 3 မှာပါတဲ့ magnetic lasso နဲ့ gradient filter selection tool တွေက မနာလိုချင်စရာကောင်းအောင် ကောင်းမွန်တာကို တွေ့ရနိုင်ပါတယ်။

Corel က After Shot Pro မှာ စိတ်ဝင်စားစရာ plub-in အနည်းငယ်ထည့်သွင်းပေးထားပါတယ်။ Athentech imaging ရဲ့ perfectly clear က ကိုယ့်ရဲ့ photo တစ်ခုလုံးကို အလင်းရောင်ညှိပေးနိုင်တဲ့ one-click histogram optimization tool တစ်ခုပါပဲ။ Lightroom ရဲ့ အားရစရာမကောင်းလှတဲ့ noise reduction နဲ့ ယှဉ်ကြည့်ရင် AfterShot မှာ picture code ရဲ့ noise ninja basic version ပါရှိပါတယ်။ ကိုယ်က noise reduction လုပ်ဆောင်ချက်နဲ့ ပတ်သက်ပြီး အဆင့်မြင့် feature တွေ အသုံးပြုဖို့အတွက်တော့ register လုပ်နိုင်ပါတယ်။

> **Digital workflow** software **တွေက ခေတ်သစ်** dititai photo **ပညာရှင်တွေရဲ့ လိုအပ်ချက်တွေကို** exposure ၊ color **နဲ့ တခြား** image parameter **တွေကို ထိထိရောက်ရောက် ချိန်ညှိပေးနိုင်တဲ့** tool **တွေ သုံးပြီး ဖြည့်ဆည်းပေးဖို့ ရည်ရွယ်တာပါ။**

Corel က plug-in architecture အသစ်ပေါ်မှာ တည်ဆောက်ထားပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ online မှာ ရွေးချယ်စရာ plug-in ၂ ဒါဇင်လောက်ပဲ ရှိပါသေးတယ်။ ဒီ စနစ်ဖွံ့ဖြိုးတိုးတက်ဖို့အချိန်တစ်ခုတော့ လိုပါလိမ့်မယ်။ AfterShot က photo တွေကို external editor တစ်ခုဆီကို ပို့နိုင်စေပါတယ်။ ဒါပေမဲ့ ကိုယ်က မြင်ကွင်းကျယ်ပုံအဖြစ် ပေါင်းစပ်ဖို့ export မလုပ်နိုင်သလို HDR composite အတွက်လည်း export မလုပ်နိုင်တဲ့အပြင် final image ကို အလိုအလျောက် import ပြန်မလုပ်နိုင်ပါဘူး။ အဲဒါအပြင် အရင် catalog file ကို backup လုပ်ပေးမယ့် စနစ်လည်း မပါဝင်သလို ကိုယ် digital camera နဲ့ ရိုက်ယူထားတဲ့ video တွေကိုလည်း ကိုင်တွယ်မလုပ်ဆောင်ပေးနိုင်ပါဘူး။

## Adobe Lightroom 4.1

အရင် version ဒေါ်လာ ၃၀၀ တန်ထက် အများကြီးလျော့သွားတဲ့ ဈေးဖြစ်တဲ့ ၁၄၉ ဒေါ်လာတန် Lightroom 4.1 က JPG နဲ့ video file တွေကို လိုက်လျောညီထွေဖြစ်အောင် လုပ်ပေးနိုင်ပေမယ့် ကိုယ့်ရဲ့ ပင်မရည်ရွယ်ချက်က RAW photo တွေကနေပြီး ကွယ်ဝှက်နေတဲ့ visual information ကို ထုတ်ယူနိုင်ဖို့အတွက်ပါ။ Photoshop နဲ့ မတူတာက




Photo အသစ်တွေကို browse လုပ်ချင်ရင် Corel ရဲ့ After Shot က လျှင်မြန်လွယ်ကူစွာနဲ့ လုပ်ပေးနိုင်ပြီး နောက်ပိုင်းသုံးဖို့အတွက် import ကို save ထားနိုင်ပါတယ်။

Lightroom ကို digital photo ပညာရှင်တွေအတွက် optimize လုပ်ထားတာပါပဲ။ နောက်ဆုံး version ကို လုံးဝပြောင်းလဲဆန်းသစ်ထားတာ မဟုတ်ပေမယ့် အရေးပါတဲ့ feature အသစ်တွေ အများကြီး ထည့်သွင်းပေးထားပါတယ်။

Lightroom ရဲ့ design ကို module တွေပေါ်မူတည်ပြီး လုပ်ထားပါတယ်။ Tab တစ်ခုစီက သက်ဆိုင်ရာလုပ်ဆောင်ချက်တွေနဲ့ ဆက်စပ်နေတဲ့ context sersitive menu တွေကို ဖွင့်လှစ်ပေးပါတယ်။ အသိသာဆုံး ပြောင်းလဲမှုကတော့ module အသစ် ၂ ခုပါပဲ။ Map Module က GPS-enabled smart phone နဲ့ တွဲဖက်လုပ်ဆောင်ပေးနိုင်ပါတယ်။ ကိုယ်က geotagged photo တွေကို import လုပ်လိုက်တဲ့အခါ photo တွေကို Google map ပေါ်မှာ ပြပေးနိုင်ပါတယ်။ Camera အများစုက တည်နေရာ ထည့်သွင်းတဲ့စနစ်ကို မလုပ်ဆောင်ပေးနိုင်တာကြောင့် Lightroom က photo တွေကို map ပေါ်မှာ နေရာချတာ၊ ဒါမှမဟုတ် သက်ဆိုင်ရာ photo တွေကို သိမ်းဆည်းထားတဲ့ တည်နေရာတွေအရ စီစဉ်ဆောင်ရွက်တာတွေ လုပ်နိုင်စေပါတယ်။

Book module ကတော့ ကြိုတင် design လုပ်ထားတဲ့ templatet စာမျက်နှာတွေပေါ်မှာ စာတွေ၊ ပုံတွေကို နေရာချနိုင်တဲ့ page layout program တစ်ခုပါပဲ။ ပြီးစီးသွားရင်တော့ ကိုယ်က project ကို PDF file အနေနဲ့ သိမ်းနိုင်သလို online book maker Blurb *(burb.com)* ကနေပြီးတော့ ပြီးစီးပြားတဲ့စာအုပ်ကို မှာယူနိုင်ပါတယ်။

အဓိကပုံပြင်ဆင်တဲ့လုပ်ဆောင်ချက်ဖြစ်တဲ့ လက်ရှိ Develop module မှာလည်း ကောင်းမွန်တဲ့ပြောင်းလဲမှု တချို့ရှိပါတယ်။ Highlight နဲ့ shadow recovery slider အသစ်တွေက အရိပ်ထဲမှာ ရောက်နေတဲ့ အသေးစိတ်ပုံရိပ်တွေကို recover လုပ်ပေးတဲ့နေရာနဲ့ အလင်းများတဲ့နေရာတွေကို contrast လုပ်ပေးတဲ့ လုပ်ငန်းစဉ်တွေကို ရိုးရှင်းသွားစေပါတယ်။ ကိုယ်က ဒီ slider ၂ မျိုး ၃မျိုး photo အများစုကို ဖန်တီးမှုရှိရှိနဲ့ ကောင်းမွန်အောင် မွမ်းမံပေးနိုင်ပါတယ်။

Lightroom 2 ကစပြီး photo တွေပေါ်က mask layer တွေကို ဆေးခြယ်နိုင်သလို exposure ၊ contrast နဲ့ saturation တို့လို ပြင်ဆင်မှုတွေကို အဲဒီနေရာအတွင်းမှာ သက်ရောက်နိုင်စေပါတယ်။ Lightroom 4 က sharpness ၊ noise rduction နဲ့ moire tools အသစ်တွေကို ကိုယ့်ရဲ့ Local toolkit ထဲ ထည့်ပေးထားပါတယ်။ ကိုယ်က ဒီနည်းလမ်းနဲ့ white balance ကို apply လုပ်နိုင်ပါတယ်။ ဒါက အရာဝတ္ထုနဲ့ နောက်ခံတွေကို မတူညီတဲ့ အလင်းပင်ရင်းတွေက သက်ရောက်တဲ့ပုံမျိုးကို ပြင်တဲ့နေရာမှာ အသုံးတည့်ပါတယ်။

ပြီးတော့ ကိုယ်က adjustment brush သုံးပြီး mask တွေကို ဆေးခြယ်စရာ မလိုတော့ပါဘူး။ Lightroom က အခု graduated filter ကို ထောက်ပံ့ပေးထားတဲ့ အတွက် photo ကို အလျားလိုက်၊ ထောင်လိုက်၊ ဒါမှမဟုတ် ကြိုက်တဲ့ထောင့်ကနေပြီး gradual effect ကို apply လုပ်နိုင်ပါပြီ။

ကိုယ်က computer ဖန်သားပြင်ပေါ်မှာ ပေါ်တဲ့အတိုင်း web ပေါ်မှာ၊ ဒါမှမဟုတ် ပုံနှိပ်တာမှာ ကြည့်ကောင်းစေချင်ရင်တော့ Lightroom ရဲ့ soft proofing လုပ်ဆောင်ချက်အသစ်ကို နှစ်သက်မိပါလိမ့်မယ်။ ဒါက brightness clipping က "blown out" area တွေကို ဖော်ပြတဲ့အတိုင်းပဲ photo ရဲ့ လက်ရှိသတ်မှတ်အရောင် setting တွေထက် ကျော်လွန်တဲ့နေရာတွေကို ဖော်ပြပေးနိုင်ပါတယ်။ တကယ်လို့ ကိုယ်က အရောင် setting တွေအများကြီးကို photo တစ်ပုံတည်းမှာ ထားဖို့စိတ်ကူးရှိရင် virtual copy တွေပွားပြီး တစ်ခုစီကို တကယ်အစစ်အတိုင်း ချိန်ညှိမှုတွေ လုပ်နိုင်တဲ့ အချက်ကို နှစ်သက်မိပါလိမ့်မယ်။




Photo Director ရဲ့ exposure control တွေက skin tone ၊ Landscapes နဲ့ အမြန်အမည်း photo ပြောင်းလဲမှုတွေကို လုပ်ဆောင်နိုင်စေပါတယ်။

Photo organizar အများစုနဲ့မတူတာက Lightroom က အခုဆိုရင် ကိုယ့် camera နဲ့ ရိုက်ထားတဲ့ video dip တွေကို မွမ်းမံမှုတွေပြုလုပ်ပြီး share ၊ ဒါမှမဟုတ် publish လုပ်နိုင်ပါပြီ။ စိတ်မကောင်းစရာပါပဲ။ Lightroom မှာ မကောင်းတဲ့အချက်လေးအချို့ရှိနေပါတယ်။ Cropping tool မှာဆိုရင် mouse က crop box ကို မဟုတ်ပဲ ပုံရိပ်ကိုရွှေ့စေလို့ ကိုးယိုးကားယားဖြစ်နေပါတယ်။ ပြီးတော့ ကိုယ်က photo တွေကို ဘာမှ






Lightroom ရဲ့ Map module မှာ ကိုယ်က geotag လုပ်ထားတဲ့ photo တွေကို Google map မှာ မြင်ရသလို photo ကို map ပေါ်မှာလည်း ရွှေ့နိုင်ပါတယ်။

မလုပ်နိုင်ခြင်းမှာ သူတို့ကို Lightroom ရဲ့ library ထဲကို အရင် import လုပ်ရပါမယ်။ Lightroom မှာ zoom level ကို ထိန်းနိုင်တဲ့ slider တစ်ခု ရှိပါတယ်။ ဈေးနှုန်းက ထည့်သွင်းစဉ်းစားရမယ့် feature တစ်ခုဆိုရင်တော့ Lightroom ရဲ့ ရောင်းကောင်းသွားနိုင်တဲ့အချက်က ကိုယ့်ရဲ့ ၁၄၉ ဒေါ်လာအထိ ဈေးနှုန်းကျဆင်းမှုပဲ ဖြစ်ပါတယ်။ (အဆင့်မြှင့်မယ်ဆိုရင်တော့ ၇၉ ဒေါ်လာပဲ ကျပါတယ်။) ဈေးနှုန်းအသစ်က AfterShot Pro နဲ့ Photo Director 3 တို့က တကယ့်ယှဉ်ပြိုင်မှုတစ်ခုဖြစ်လာနိုင်တယ်ဆိုတာ Adobe က သတိပြုမိကြောင်း ထင်ဟပ်ပြသနေသလိုပါပဲ။

## CyberLink Photo Director 3

ဒီ ၁၅၀ ဒေါ်လာတန် digital workflow program က ပုံမှန် photo ပညာရှင်တွေအတွက် ရည်ရွယ်ထားပါတယ်။ Photo director က ကိုယ့်ကို exposure setting အများအပြားကို စိတ်ကြိုက်ထိန်းညှိနိုင်စေသလို ရိုးရိုးရှင်းရှင်းပဲ click တစ်ခုနှိပ်ရုံနဲ့ သက်ရောက်နိုင်တဲ့ one-click preset meunu ကိုပါ ပေးအပ်ထားပါတယ်။ ကိုယ်က အရောင်ပြောင်းအရောင်၊ အဖြူအမည်း photo ပြောင်းတာ၊ Landscape နဲ့ တခြားလုပ်ဆောင်ချက်တွေကို သတ်မှတ်ထားတဲ့ setting ၂ ဒါဇင်လောက်ထဲကနေ ရွေးချယ်နိုင်ပါတယ်။ သုံးစွဲသူတွေ ဖန်တီးထားတဲ့ preset ရာပေါင်းများစွာကို online director zone community ကနေ download လုပ်နိုင်ပါတယ်။ ကိုယ်က setting တွေကို one-click recall အတွက်လည်း သိမ်းဆည်းထားနိုင်ပါတယ်။

"Reginal" adjustment tool က photo ရဲ့ တစ်စိတ်တစ်ဒေသကိုပဲ exposre ၊ contrast ၊ brightness ၊ saturation နဲ့ တခြား setting တွေ ပြောင်းလဲပေးနိုင်ပါတယ်။ Adjustment brush paint ကတော့ Lightroom မှာပါတဲ့ tool ကိုပါပဲ။ ဒါပေမဲ့ photo director မှာ magnetic lasso selection tool လိုမျိုး လုပ်ဆောင်ပုံတူတဲ့ smart selection brush ရှိပြီး photo effect တွေရဲ့ ပြင်းအားကို ပြောင်းပေးနိုင်တဲ့ gradient mask ပါရှိပါတယ်။

Photo director ရဲ့ edit tab တွေက photo ပြင်ဆင်ဖို့အတွက် စိတ်ကြိုက် effect တွေ အများကြီးကို ကိုင်တွယ်ပေးနိုင်ပါတယ်။ ဥပမာ– people beautifier category မှာ tooth brush ၊ eye blinger ၊ skin smoother နဲ့ wrinkle remover တွေပါရှိပါတယ်။ Tool တွေက အတော်အသင့် ကောင်းမွန်အောင်လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်ကကောင်းမွန်တဲ့ရလဒ်တွေရဖို့ ဂရုတစိုက်နဲ့ စမ်းသပ်မှုတွေလုပ်ရမှာပါ။

Object removal brush က ကိုယ်ဖယ်ရှားချင်တဲ့ အရာဝတ္ထုကို outline လုပ်ပြီး အဲဒီနေရာကို ဖြည့်ချင်တဲ့ photo အစိတ်အပိုင်းကို ညွှန်ပေးလိုက်ရုံပါပဲ။ နောက် tool တစ်ခုကလည်း ရှုခင်းတွေရဲ့ နောက်ခံတွေကို ဖယ်ရှားနိုင်ပါသေးတယ်။ မကောင်းတာက specially tools အများစုက Lossless မဖြစ်ပါဘူး။ ဒါကြောင့် ကိုယ်က tools ရဲ့ controls ကထွက်နိုင်ဖို့ photo ကို ပုံသစ်အနေနဲ့ သိမ်းဖို့လိုအပ်ပါတယ်။ ပိုပြီးဆိုးတဲ့အချက်က photo director က တခြား edit တစ်ခုတည်းကို specially editing လုပ်ဖို့ photo ကို export လုပ်တာနဲ့ photo director ထဲကို import ပြန်လုပ်နိုင်ခွင့်တွေ ဘာမှ ပေးမထားတာပါပဲ။

Photo director ကို စသုံးတော့မယ်ဆိုရင်တော့ ကိုယ်က photo တွေကို program ရဲ့ Library ထဲကို import လုပ်ရပါမယ်။ ကိုယ်ကသတ်မှတ်ချက်တွေပေးပြီး photo တွေကို အလိုအလျောက် စီမံနိုင်တဲ့ Smart Collection လုပ်ဆောင်ချက်လည်း ပါရှိပါတယ်။ ကိုယ်က project ဒါမှမဟုတ် event တွေအရ အဖွဲ့လိုက်ပုံတွေကို manual album တွေ သတ်မှတ်ထားနိုင်ပါတယ်။ ဒါပေမဲ့ photo director က photo ထဲကိုတခြား program မှာ ထည့်သွင်းလိုက်တဲ့ keyword တွေကို အလိုအလျောက် import မလုပ်နိုင်ပါဘူး။

ဒါကြောင့် photo တွေကို ပြန်လည်စုစည်းတဲ့အခါမှာ typing တွေ ပြန်ရိုက်ရမှာပါပဲ။ Video file တွေကိုတော့ ဒီ program က ကိုင်တွယ်လုပ်ဆောင်မပေးနိုင်ပါဘူး။ Photo director မှာ ကျေနပ်ဖွယ်ကောင်းတဲ့ page layout control တွေနဲ့အတူထိပ်တန်း printing module ပါရှိပါတယ်။ Flickr နဲ့ Faubook တို့ကို integration လုပ်ထားလို့ sharing လုပ်နိုင်တဲ့နေရာမှာလည်းလွယ်ကူတဲ့အပြင် slideshow creator ကလည်းအတော့်ကို ကောင်းကောင်းလုပ်ပေးနိုင်ပါတယ်။ ■

# Top 10 Desktop Replacement Laptops

LAB TESTED

| MODEL | | | Rating | Performance | Features and specifications |
|---|---|---|---|---|---|
| 1 |  | Dell Precision M6600<br>**$5700**<br>find.pcworld.com/72355 | ★★★★½<br>SUPERIOR | • WorldBench 6 score: 152<br>• WorldBench 6 rating: Superior<br>• Overall design: Superior<br>• Tested battery life: 4:22 | • 2.5GHz Core i7-2920XM<br>• 17.3-inch widescreen<br>• 9.2 pounds<br>• 512GB solid-state drive |
| | | u If you need a mobile but full-featured workstation, the M6600 will get the job done; it's massive and pricey, however. | | | |
| 2 |  | Origin EON 17-S<br>**$3400**<br>find.pcworld.com/72356 | ★★★★<br>VERY GOOD | • WorldBench 6 score: 197<br>• WorldBench 6 rating: Superior<br>• Overall design: Good<br>• Tested battery life: 2:18 | • 2.5GHz Core i7-2920XM<br>• 17.3-inch widescreen<br>• 8.6 pounds<br>• 256GB SSD and 750GB hard drive |
| | | u Origin's EON 17-S is one of the fastest performers we've seen on our laptop tests, but it stumbles a bit in ergonomics. | | | |
| 3 |  | BEST BUY Asus G74SX<br>**$1979**<br>find.pcworld.com/72357 | ★★★★<br>VERY GOOD | • WorldBench 6 score: 150<br>• WorldBench 6 rating: Superior<br>• Overall design: Superior<br>• Tested battery life: 3:17 | • 2.0GHz Core i7-2630QM<br>• 17.3-inch widescreen<br>• 9.9 pounds<br>• 160GB SSD and 750GB hard drive |
| | | u Although the Asus G74SX is huge, its elegant design and excellent performance compensate for its lack of mobility. | | | |
| 4 |  | MSI GT683R<br>**$1450**<br>find.pcworld.com/72358 | ★★★★<br>VERY GOOD | • WorldBench 6 score: 146<br>• WorldBench 6 rating: Superior<br>• Overall design: Good<br>• Tested battery life: 3:54 | • 2.0GHz Core i7-2630QM<br>• 15.6-inch widescreen<br>• 7.5 pounds<br>• 1TB hard drive |
| | | u The GT683R is a powerful machine, but we'd prefer that external peripherals feel like an option rather than a necessity. | | | |
| 5 |  | AVADirect X7200<br>**$3800**<br>find.pcworld.com/72627 | ★★★★<br>VERY GOOD | • WorldBench 6 score: 163<br>• WorldBench 6 rating: Superior<br>• Overall design: Good<br>• Tested battery life: 0:52 | • 3.4GHz Core i7-X990<br>• 17.3-inch widescreen<br>• 12.6 pounds<br>• 128GB SSD and 500GB hard drive |
| | | u If you require high-end desktop-level performance in a mobile chassis, the X7200 is worth a look. The battery life is poor, though. | | | |
| 6 |  | Toshiba Qosmio X775-3DV78<br>**$1900**<br>find.pcworld.com/72359 | ★★★★<br>VERY GOOD | • WorldBench 6 score: 128<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Tested battery life: 2:12 | • 2.0GHz Core i7-2630QM<br>• 17.3-inch widescreen<br>• 8.0 pounds<br>• 500GB hard drive |
| | | u You'd have a hard time finding a better multimedia laptop than this desktop replacement model from Toshiba. | | | |
| 7 |  | HP EliteBook 8560w<br>**$3839**<br>find.pcworld.com/72628 | ★★★★<br>VERY GOOD | • WorldBench 6 score: 156<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Tested battery life: 2:57 | • 2.3GHz Core i7-2820QM<br>• 15.6-inch widescreen<br>• 8.0 pounds<br>• 500GB hard drive |
| | | u The 8560w backs up great WorldBench 6 results with excellent features, but the 15.6-inch display is small for its 1080p resolution. | | | |
| 8 |  | Digital Storm x17<br>**$2621**<br>find.pcworld.com/72629 | ★★★½<br>VERY GOOD | • WorldBench 6 score: 117<br>• WorldBench 6 rating: Very Good<br>• Overall design: Fair<br>• Tested battery life: 2:33 | • 2.5GHz Core i7-2860QM<br>• 17.3-inch widescreen<br>• 8.5 pounds<br>• 120GB SSD and 750GB hard drive |
| | | u The Digital Storm x17 definitely delivers when it comes to performance, but the rest of the package is merely average. | | | |
| 9 |  | MSI GT780DXR<br>**$1750**<br>find.pcworld.com/72631 | ★★★½<br>VERY GOOD | • WorldBench 6 score: 146<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Tested battery life: 3:19 | • 2.0GHz Core i7-2630QM<br>• 17.3-inch widescreen<br>• 8.6 pounds<br>• Two 500GB hard drives |
| | | u Assuming you're not a design fiend, the GT780DXR is an all-around solid machine, and the keyboard is attractive. | | | |
| 10 |  | Sony VAIO F Series<br>**$1119**<br>find.pcworld.com/72632 | ★★★<br>GOOD | • WorldBench 6 score: 117<br>• WorldBench 6 rating: Very Good<br>• Overall design: Good<br>• Tested battery life: 3:22 | • 2.2GHz Core i7-2620QM<br>• 16.4-inch widescreen<br>• 6.7 pounds<br>• 640GB hard drive |
| | | u As a smallish desktop replacement laptop, the F Series may be fairly easy to tote, but it just isn't very powerful. | | | |

CHART NOTES: Ratings are as of 4/27/12. Tested battery life is expressed in hours:minutes. Listed weights do not include the power adapter.